# ရှမ်းရှေ့မြေရှားသတ္တုတူးဖော်မှုအခြေအနေ

၂၀၂၃ ခုနှစ်

# မာတိကာ


ရှမ်းရှေ့မြေရှားသတ္တုတူးဖော်မှုအခြေအနေ ........................................................ ၁

လွယ်မွေဒေသ၏နောက်ခံသမိုင်း ........................................................................ ၂

သတ္တုတူးဖော်သည့်ကုမ္ပဏီ............................................................................... ၃

သတ္တုတူးဖော်ရေး စီမံကိန်းကြောင့် ထိခိုက်စေမည့်ကျေးရွာများ........................... ၄

ဒေသခံပြည်သူများ၏အသက်မွေးဝမ်းကြောင်း .................................................... ၅

ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများ ........................................................................ ၆

ဒေသခံပြည်သူများ၏တုန့်ပြန်မှု ........................................................................ ၇

ဒေသခံပြည်သူများ၏တောင်းဆိုချက်များ........................................................... ၈

## ရှမ်းရှေ့မြောက်ပိုင်းသတ္တုတူးဖော်မှုအခြေအနေ

မြန်မာနိုင်ငံ၏တည်ဆဲ ဥပဒေနှင့်လက်ရှိနိုင်ငံရေးပဋိပက္ခကြောင့် သတ္တုတူးဖော်မှုသည် ဒေသခံပြည်သူလူထုအတွက် အလွန်ကိုအန္တရာယ်များပြီး ဆိုးကျိုးများကိုဖြစ်ပေါ်စေသည့်အပြင် သတ္တုတူးဖော်မှုကုမ္ပဏီများ၏ တာဝန်ယူမှုကင်းမဲ့သည့်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပိုမိုဦးတည်စေပါသည်။ ၂၀၁၉ ခုနှစ် NLD အစိုးရလက်ထက်တုန်းက ကျိုင်းတုံမြို့နယ်၊ လွယ်မွေဒေသတွင် သတ္တုကုမ္ပဏီများ ဧကပေါင်း သိန်းချီပြီး သတ္တုတူးဖော်ရန်ပြည်ထောင်စုအစိုးရသို့ ဦးတည်လျှောက်ထားသည်ကိုတွေ့ခဲ့ရပါသည်။ သို့သော်ကိုဗစ်ရိုက်ခတ်မှုဒဏ်ကို အကြီးအကျယ်ခံရမှုနှင့် ကန့်သတ်မှုများကြောင့် သတ္တုတူးဖော်မှုများကို မလုပ်ဆောင်နိုင်ခဲ့ပါ။ အာဏာသိမ်းမှုဖြစ်ပွားသည့်နောက်ပိုင်း ရွှေစပါးကုမ္ပဏီသည် ကျိုင်းတုံမြို့နယ်၊ လွယ်မွေဒေသကို ဧကပေါင်း ၃၀၀၀၀ ကျော် သတ္တုတူးဖော်မှု အစပြုလုပ်ဆောင်လာပါသည်။ ထိုသို့ ကုမ္ပဏီသတ္တုတူးဖော်နိုင်ရန်အတွက် NLD အစိုးရကခွင့်ပြုခဲ့သလား၊ လက်ရှိ နစက ကခွင့်ပြုခဲ့သလားဒါမှမဟုတ်နိုင်ငံရေး ပဋိပက္ခကို အခွင့်ကောင်းယူ၍ တူးဖော်နေသလားဆိုတာ ရှင်းရှင်း လင်းလင်းမသိရှိပါ။ သတ္တုတူးဖော်မှုကြောင့် ဒေသခံပြည်သူလူထု အတွက်အလုပ်အကိုင် အခွင့်အလမ်း ရရှိခြင်းထက် သတ္တုတူးဖော်မှုကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများကို ပိုမိုခံစားရမှာသေချာပါသည်။

# လွယ်မွေဒေသ၏နောက်ခံသမိုင်း

လွယ်မွေဒေသသည် ရှမ်းပြည်နယ်အရှေ့ပိုင်း၏ ချယ်ရီမြို့တော်ဖြစ်သလို အင်္ဂလိပ်ကိုလိုနီ အစိုးရ၏ သမိုင်းအမွေ အနှစ်များရှိပြီး ပြည်သူ များ၏ အနားယူအပန်းဖြေ သည့် တောင်ပေါ်စခန်း ဖြစ်သည်။ လွယ်မွေ တောင် ပေါ် စခန်းသည် ပင်လယ် ရေမျက်နှာပြင် ၅၀၀၀ ကျော် ရှိ၍အလွန်အေးချမ်း သာယာသည့် ဒေသဖြစ် ပါသည်။ အင်္ဂလိပ်အစိုးရ



လက်ထက် ကျိုင်းတုံမြို့ကို အုပ်ချုပ်သည့်အရေးပိုင်မင်းသည် လွယ်မွေကိုအခြေပြု၍ ရှမ်း ရှေ့တခွင်ကို အုပ်ချုပ်ခဲ့ပါသည်။ လွယ်မွေဒေသတွင်လားဟူနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏ လားဟူ ဓမ္မတက္ကသိုလ်တည်ရှိသလို အရေးပိုင်မင်းနေထိုင်ခဲ့သည့် နှစ်(၁၀၀)အဆောက် အအုံ လည်းရှိပါသည်။ လားဟူလူမျိုးဓမ္မပညာသင်ယူရန်နှင့် လားဟူလူမျိုးများ၏ ပညာရေး အုတ်မြစ်သည် လွယ်မွေတောင်ပေါ်စခန်းမှ ၁မိုင်အကွာရှိပန်ဝိုင်ရွာလေး ဖြစ်ပါသည်။ လွယ် မွေဒေသတွင် လားဟူလူမျိုး၊ အာခါနှင့်ဝလူမျိုးများနေထိုင်ပြီး ဒေသ၏အသက်မွေးဝမ်း ကြောင်းသည် နှစ်ရှည်ပင် (လက်ဖက်)စိုက်ပျိုးရေးနှင့် တောင်ယာလုပ်ငန်းများ၊လယ်ယာ လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ လွယ်မွေဒေသထွက်သည့် လက်ဖက်ခြောက်သည် မြန်မာနိုင်ငံတွင် အကောင်းဆုံးဈေးရသလို လွယ်မွေဒေသ ထွက်သည့်ဟင်းသီးဟင်းရွက် များသည်ကျိုင်းတုံဒေသအတွက် ဖူလုံမှုရှိပါသည်။ ဒေသခံပြည်သူများသည် လက်ဖက် လုပ်ငန်းအပေါ်မှီခိုပြီး အသက်မွေးဝမ်းကျောင်းပြုပါသည်။ လွယ်မွေဒေသထွက်မိုးလွတ် (မတ်၊ ဧပြီလ၊ မေထွက်သည်)လက်ဖက်ခြောက်အစို(၁ပိဿာ)ကို ၇၅၀၀ကျပ် သော်လည်း၊ အခြောက် တစ်ပိဿာကို ၃သောင်းခွဲမှ ၅သောင်းအထိလည်းအသီးသီးရရှိကြပါသည်။ မိုး ရာသီထွက်လက်ဖက်အစို တစ်ပိဿာကို ၃၅၀၀ ကျပ်ဖြစ်သော်လည်းကောင်း အခြောက်

တစ်ပိဿာကို နှစ်သောင်းကျပ်အထိလည်းကောင်း အသီးသီးရရှိကြပါသည်။ လွယ်မွေ ဒေသထွက် ပင်စိမ်းသီးနှင့် စတောဘယ်ရီသီးတို့သည်လည်း ရှမ်းရေ့တွင် နာမည်ကျော် သည့် သစ်သီးများဖြစ်ပါသည်။


## သတ္တုတူးဖော်သည့်ကုမ္ပဏီ



လွယ်မွေဒေသကို သတ္တုတူးဖော်ရန် ပြင်ဆင်လုပ်ဆောင်နေသောကုပ္ပဏီ သည် ရွှေစပါးကုမ္ပဏီဖြစ်ပါသည်။ ၂၀၂၀ NLD အစိုးရလက်ထက်တုန်းက ပြည်ထောင်စု အစိုးရမှရှမ်း ပြည်နယ် အစိုးရအဖွဲ့သို့ သဘောထား တောင်းခံမှု စာရွက်စာတမ်းအရ ရွှေ စပါး ကုမ္ပဏီသည် ဧကပေါင်း ၁၆၅၁၅၆ လျှောက်ထားတာကို တွေ့ရပါသည်။ ထိုသို့ လျှောက် ထားရာတွင် ဒေသခံပြည်သူများနှင့် ကျိုင်းတုံအခြေစိုက် အရပ်ဖက်အဖွဲ့အစည်း များက သမ္မတသို့ တိုက်ရိုက်လက်မှတ်ထိုး ကန့်ကွက်မှုများရှိခဲ့ပါသည်။ ထိုသိုကန့်ကွက်မှု များ ကြောင့်ဦးဆောင်ကန့်ကွက်ရာတွင် ပါဝင်သည့်ပုဂ္ဂိုလ်များကို ကျိုင်းတုံမြို့ အာဏာပိုင် များမှ ခေါ်ယူစစ်ဆေးမှုများရှိခဲ့ပါသည်။ သို့သော်လည်း ရွှေစပါးကုပ္ပဏီသည် မြေရှားသတ္တု ရှာဖွေရန်အတွက် လုပ်ကွက်(၂)ကွက် စုစုပေါင်းဧကပေါင်း (၇၃၂၈၁) စမ်းသပ်ခွင့် ရရှိ ပါသည်။

# သတ္တုတူးဖော်ရေး စီမံကိန်းကြောင့် ထိခိုက်စေမည့်ကျေးရွာများ

ရွှေစပါးကုမ္ပဏီလုပ်ကွက်ရရှိထားသည့်သတ္တုတူးဖော်မှုသည်လွယ်မွေဒေသ အရှေ့ပိုင်းတွင် တည်ရှိပါသည်။ လွယ်မွေဒေသ၊ လွယ်မွေအုပ်စုတွင် ကျေးရွာပေါင်း(၄၀) ကျော်တည်ရှိပြီး စီမံကိန်းကြောင့်တိုက်ရိုက် ထိခိုက်မည့် ကျေးရွာများမှာ လွယ်မွေတောင် ပေါ်စခန်း၊ ပန်ဝိုင်အထက်၊ ပန်ဝိုင်အောက်၊ ပါးခါးအောက်၊ပါးခါး အထက်ရွာ၊နောင်လျှန် လားဟူရွာ၊ နောင်လျှန်အာခါ (၂-၃-၄-၅-၆)နှင့် နောင်ချိုကျေးရွာအပြင် လွယ်မွေဒေသမှစီး ဆင်းလာသည့် နမ့်လပ်ချောင်းတလျှောက်မီတင်း နေထိုင်လုပ်ကိုင်စားသောက်သည့် ကျိုင်း တုံမြို့မှ ပြည်သူလူထုစသည့်တို့ဖြစ်ပါသည်။ ကိုဗစ်(၁၉)ရောဂါ ကန့်သတ်မှုနှင့်နိုင်ငံရေး ပဋိပက္ခကြောင့် စီမံကိန်းအကောင်အထည်ဖော်မှု ကောင်းကောင်းမလုပ်နိုင်သေး၍ အခု ချိန်ထိ စီမံကိန်းကြောင့် မြေသိမ်း၊ ယာသိမ်းမှုမရှိသေးပေ။



၇-၈-၂၀၁၉ ရက်နေ့ (၅၄) ကြိမ်မြောက် ဖွင့်ဖောက်စိစစ်ပြီးလျှောက်လွှာများအနက် အချက်အလက်ပြည့်စုံ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ သဘောထားတောင်းခံထားသည့် ကုမ္ပဏီစာရင်း

| စဉ် | ကုမ္ပဏီအမည် | တည်နေရာ | သတ္တု | ဧရိယာ ဧက | EC အမှတ်/ ရက်စွဲ | လုပ်ကွက် အရေအတွက် | ရက်စွဲ/ စာအမှတ် |
|---|---|---|---|---|---|---|---|
| ၁။ | ရွှေစပါး သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် | ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ လွယ်မွေဒေသအတွင်း | ခဲ၊ သွပ်၊ ကြေးနီ၊ သံ၊ မြေရှားရောရာ သတ္တု | ၆၈၇၇၀ ၉၆၃၈၆ | ၁၇/၂၀၂၀ ၂၁-၅-၂၀၂၀ | (၂) ကွက် | ၂၅-၅-၂၀၂၀ ၂၇ ခွဲ (၁) ၂၀/ သတ္တု(၅၆၁၅) |

# ဒေသခံပြည်သူများ၏အသက်မွေးဝမ်းကြောင်း


လွယ်မွေဒေသခံပြည်သူများသည် လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း လုပ်ကိုင်ပြီးဒင်းတို့တောင်ယာ၊ လယ်ယာမှထွက်လာသော ကုန်ပစ္စည်းများကို ရောင်းချပြီး အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ လက်ဖက်ခြံလုပ်ငန်းသည် လွယ်မွေဒေသရှိအိမ်ထောင်စုများ၏ အဓိကလုပ်ငန်းနှင့် ဝင်ငွေဖြစ်သလို ကာလပေါ်ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းမှလည်း ဝင်ငွေရရှိပါသည်။ ထိုအပြင် အိမ်မွေးတိရိစ္ဆာန်များမွေးမြူးခြင်းသည့် ဒေသခံပြည်သူများ၏ အရံဝင်ငွေဖြစ်ပါသည်။ လွယ်မွေဒေသထွက်လက်ဖက်ခြောက်ကိုတရုတ်နိုင်ငံမှအဓိကဝယ်ယူပါသည်။ ကိုဗစ် (၁၉)မတိုင်ခင်လွယ်မွေဒေသထွက်မိုးလွတ်(မတ်လ၊ဧပြီနှင်မေလထွက်)လက်ဖက်အစိုတစ်ပိဿာကို ကျပ်ငွေ (၇၀၀၀)ကျပ်မှ(၁၀၀၀၀)ကျပ်အကြားရရှိပြီးလက်ဖက်ခြောက်တစ်ပိဿာကို ကျပ်ငွေ (၅၀၀၀၀)ကျပ်မှာ တစ်သိန်းကျပ်အထိရရှိခဲ့ဖူးပါသည်။ ဒါအပြင် ဖွန်လမှဒီဇင်ဘာလအတွင်းထွက်သည့်လက်ဖက်အစို တစ်ပိဿာကို ကျပ်ငွေ(၃၅၀၀)ကျပ်မှ (၇၀၀၀)အထိရရှိပြီး အခြောက်တစ်ပိဿာကို ကျပ်ငွေ(၂၀၀၀၀)ကျပ်မှ (၅၀၀၀၀)ကျပ်အထိရရှိခဲ့ပါသည်။ အထက်ပါ ဝင်ငွေသည်ဒေသခံပြည်သူများ၏ မိသားစုစားဝတ်နေရေးနှင့် ပညာရေး၊ကျန်းမာရေးကိစ္စရပ်များကို စိုးရိမ်စိတ်မရှိအောင်ပံ့ပိုးပေးနေပါသည်။ မြေရှားသတ္တုတူးရန်တွင် ပါဝင်သည့်ပန်ဝိုင်အောက်ရွာတွင် လက်ဖက်စက်ရုံများ၊ လက်ဖက်ရောင်းဝယ်သည့် ကုပ္ပဏီရုံးများရှိပြီး လွယ်မွေဒေသထွက်လက်ဖက်များကို တရုတ်နိုင်ငံသို့တင်ပို့ကြပါသည်။

ထို့အပြင်လွယ်မွေဒေသသည် ကျိုင်းတုံမြို့အတွင်းမှာ နေထိုင်ကြသည့် ဒေသခံပြည်သူများအတွက် ဟင်းသီးဟင်းရွက်ထွက်သည့်ဒေသလည်းဖြစ်ပါသည်။ ကျိုင်းတုံမြို့မဈေးတွင် ရောင်းချနေသည့် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်များ၊ ဂေါ်လော်ခါးသီး၊ ပင်စိမ်းသီး၊ စတော်ဘယ်ရီနှင့် တခြားဟင်းသီးဟင်းရွက်များသည် လွယ်မွေဒေသတွင်စိုက်ပျိုးထုတ်လုပ်ထားသည့်အရာများဖြစ်ပါသည်။ ထို့အပြင် ဆောင်းသီချယ်ရီပန်းများ ပွင့်သည့်အချိန်တွင် လွယ်မွေတောင်ပေါ်စခန်းတွင် ရှမ်းရှေ့ပြည်သူများ၏ ချယ်ရီးပန်းနှင့်အတူအနားယူအပန်းဖြေသည့် ဒေသဖြစ်ပါသည်။

## ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများ

သတ္တုတူးဖော်ရန်တွင် အသုံးပြုသည့် ဓာတုပစ္စည်းများမှ စွန့်ပစ်အရည်များသည် ဒေသခံပြည်သူများ အသုံးပြုသည့် ချောင်းများသို့စီးဆင်းဝင်ရောက်ပြီးဒေသရှိကျွဲနွားတိရိစ္ဆာန်များ သောက်သုံးရန်အတွက် အန္တရာယ်ရယ်ဖြစ်စေနိုင်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများရှိကြောင်း စသည့်အချက်အလက်များကို တခြားဒေသမှ သတ္တုတူးဖော်မှုကြောင့် ဖြစ်ပေါ်လာသည့်ဆိုးကျိုးများကိုလည်း သင်ခန်းစာရရှိခဲ့ပါသည်။ သတ္တုတူးဖော်မှုကြောင့် ရေသောက်သုံး ရှားပါးမှုပြဿနာများ ဖြစ်ပေါ်လာပါက ဒေသခံပြည်သူများ၏ အသက်မွေး ဝမ်းကြောင်းဖြစ်သည့် လက်ဖက်စိုက်ပျိုးရေး၊ ဟင်သီးဟင်းရွက်စိုက်ပျိုးရေး၊ တခြားနှစ်ရှည်ပင်စိုက်ပျိုးရေးများကိုလည်း ထိခိုက်နိုင်ပါသည်။ သတ္တုတူးဖော်မှုကြောင့် နောက်ဆက်တွဲကျန်းမာရေးပြဿနာအနေနှင့် လေကောင်းလေသန့် ဆုံးရှုံး ခြင်း၊ အမျိုးသမီးများ ကိုယ်ဝန်ပျက်ကျမှုများ၊ ဒေသခံပြည်သူများ၏ စီးပွားရေးကိုထိခိုက်ပြီးလူနေမှုပြဿနာများ ကိုဖြစ်ပေါ်လာနိုင်ပါသည်။ သတ္တုူးတူးဖော်မှုမှ ထွက်လာသည့်စွန့်ပစ်မြေစာများကို စနစ်တကျစွန့်ပစ် လှောင်ကန်မလုပ်ပဲ ဖြစ်သလိုစည်းမဲ့ ကမ်းမဲ့ စွန့်ပစ်ပါနမ့်လပ့်ချောင်းထဲစီးဝင်ပြီး ကျိုင်းတုံမြို့တွင်းထဲသို့ ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်စေပါသည်။ ၂၀၂၂ခုနှစ် တွင် လွယ်မွေဒေသနှင့် လွယ်မွေဒေသအနီးတဝိုက်ကို အခြေပြုပြီး အင်အားအတင့်တင့်ရှိ မြေငလျှင်လှုပ်မှု အကြိမ်ပေါင်း (၅၀)အထက် ရှိခဲ့ပါသည်။

# ဒေသခံပြည်သူများ၏တုန့်ပြန်မှု




ရွှေစပါးကုပ္ပဏီသည်လွယ်မွေ ဒေသကို မြေရှားသတ္တုတူးဖော်မှု ပြုလုပ်ရန်အတွက် လျှောက်ထားရန်တွက် ဒေသခံပြည်သူများကို တိုင်ပင်ခြင်း၊ ဆွေးနွေးခြင်းနှင့် ကြိုတင်အသိပေးခြင်း မရှိပါ။ NLDအစိုးရလက်ထက်တွင် ပြည်ထောင်စုအစိုးရမှပြည်နယ်အစိုးရသို့ ရွှေစပါးကုပ္ပဏီမှ လျှောက်ထားသည့် မြေနေရာများကိုအခြေပြု၍ သဘောထားတောင်းခံသည့် စာပေါက်ကြားလာမှုမှတဆင့် သိခွင့်ရခဲ့ပါသည်။ ထိုမှတဆင့် ဒေသအခြေစိုက် လူမှုအဖွဲ့အစည်းများက ဦးဆောင်ပြီးနိုင်ငံတော် သမ္မတအထိ ကန့်ကွက်စာ၊ တိုင်စာများ ပေးပို့ခဲ့ပါသည်။ ထိုတိုင်စာကို အခြေခံ ပြီး ဒေသအာဏာပိုင်များမှ ကန့်ကွက်စာဦးဆောင်သည့် လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို ခေါ်ယူစစ်ဆေးမှုများရှိခဲ့ပါသည်။ ကန့်ကွက်လက်မှတ်ထိုးမှုဦးဆောင်သည့် ပုဂ္ဂိုလ်တစ်ဦးက သတ္တုတူးဖော်မှုမှ ဖြစ်ပေါ်လာသည့် ဆိုးကျိုးများကို ဒေသခံပြည်သူများ မကြုံရသေးတော့မသိဘူး။ အသိ ပညာပေးမှု အားနည်းတော့ ဘယ်လိုကန့်ကွက် ရမှန်းရှာခံတွင်ကမသိဘူး။ ကျနော်တို့ စိုးရိမ်တာက သတ္တုတူးဖော်မှုကြောင့် လွယ်မွေဒေသခံ ပြည်သူများ၏ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကြောင်းဖြစ်သည့် ဥယျာဉ်ခြံမြေ၊ တောင်ယာ၊ လယ်ယာ



လုပ်ငန်းများကို ထိခိုက်သွားမည်။ ထို့အပြင် ဒေသခံပြည်သူများ၏ လူမှုရေးနှင့်၎င်းတို့၏ ယဉ်ကျေးမှုများ၊ သမိုင်းဝင် အဆောက် အအုံများ ပျက်စီးသွားမှာ စိုးရိမ်မိသလို သောက် သုံးရေ ရှားပါးမှုပြဿနာနှင့် စွန့်ပစ်မြေစာပုံများကြောင့် မိုးရာသီရေကြီးရေလျှံမှု ပြဿနာ စသည့် စိုးရိမ်ချက်များကြောင့် ဦးဆောင်ကန့်ကွက်ရခြင်း ဖြစ်ပါသည်။

ဒေသခံတဦးဖြစ်သည့် ဦးအာခဆောက သတ္တုတူးမယ်ဆိုတာ ကျနော်တို့မသိဘူး။ သဘာဝ ပတ်ဝန်းကျင် ကိစ္စပျက်စီးတယ်ဆိုတာလည်း နားမလည်ဘူး။ ဒေသခံအုပ်ချုပ်ရေး


တင်ပြသူများ

[redacted]


မိတ္တူကို

၁။ ပြည်ထောင်စုဝန်ကြီး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၊ နေပြည်တော်။

၂။ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့။

အာဏာပိုင်များလည်း ဒီကိစ္စတွေ မပြောပြတော့မသိခဲ့ဘူး။ ကျနော်တို့ခေတ်အဆက် ဆက် ဒီမှာ နေထိုင်ပြီး လက်ဖက်ခြံလုပ်တယ်။ တောင်ယာလုပ်တယ် ဘယ်သူ့ကိုမှ ထိခိုက်နစ်နာ တာမရှိဘူး။ ကျနော်တို့ဖြစ်စေချင်တာက အကယ်၍ သတ္တုလာတူးမယ်ဆိုရင်လည်း မိမိ တို့၏ လုပ်ငန်စားသောက်နေတဲ့ အသက်မွေးဝမ်းကြောင်းကို မထိခိုက်အောင်ဘယ်လို ကာ ကွယ်ရမယ် ဆိုတာစဉ်းစားရမယ်ပေါ့။

ရွှေစပါးသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်
လျှောက်ထားမြေမှ လွတ်ကင်းမှုမရှိသည့် မြေများ ဖယ်ထုတ်ပြီး
စမ်းသပ်တိုင်းတာခွင့် ဆောင်ရွက်မည့် မြေဧရိယာပြမြေပုံ



လုပ်ကွက်(၁)

- (A-810660, B-820640, C-870630, D-910690, E-950710, F-950570, G-810 570)
- စမ်းသပ်တိုင်းတာဆောင်ရွက်မည့်ဧရိ – ၂၆၇၀၀ ဧက

လုပ်ကွက်(၂)

- (A-570540, B-680540, C-680400, D-500400, E-500500, F-570500)
- စမ်းသပ်တိုင်းတာဆောင်ရွက်မည့်ဧရိ – ၄၆၅၇၀ ဧက

## ဒေသခံပြည်သူများ၏တောင်းဆိုချက်များ

၁။ သတ္တုတူးဖော်မည်ဆိုပါက ဒေသခံပြည်သူများ၏ မြေယာပိုင်ဆိုင်မှုနှင့် ဓလေ့ထုံးတမ်း မြေယာ အသုံးချမှုစနစ်ကိုအသိအမှတ်ပြုရန်။

၂။ လက်ရှိပဋိပက္ခဖြစ်ပွားနေချိန်မှာဒေသအတွင်းရှိသတ္တုတူးဖော်မှုများကိုရပ်တန့်ပြီး သတ္တုတူးဖော်မှုများ၏ ဆိုးကျိုး၊ ကောင်းကျိုးများကို ဒေသခံပြည်သူများသို့အသိ ပညာပေးမှုများလုပ်ဆောင်ရန်။

၃။ အကယ်၍သတ္တုတူးဖော်မှုကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများကို သုံးပွင့်ဆိုင် ဖြေရှင်းနိုင်သည့် (အစိုးရ၊ဒေသခံနှင့်ကုပ္ပဏီ)နည်းလမ်းများဖောက်ထားပေးရန်။

၄။ လွယ်မွေဒေသရှိ သတ္တုတူးဖော်မှုဆိုင်ရာ ဆုံးဖြတ်ချက်ချရာတွင် ဒေသခံပြည်သူများ ၏ ပါဝင်ဆွေးနွေးခွင့်နှင့်ဆုံးဖြတ်ချက်ချရန်တွင်ပါဝင်ခွင့်ပြုရန်။